**နိုင်ငံခြားရေးဝန်ကြီး ကလင်တန်၏ ရန်ကုန်သတင်းစာရှင်းလင်းပွဲ၊ မြန်မာနိုင်ငံ**

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန

ပြောရေးဆိုခွင့်ရှိသူရုံး

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂

သတင်းရရှိသည့်အတိုင်း

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီရော့ဒ်ဟမ်ကလင်တန်

ဒီဇင်ဘာ ၂၊ ၂၀၁၁

ရန်ကုန်၊ မြန်မာနိုင်ငံ

**ဝန်ကြီးကလင်တန်။** ။ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးလာရောက်တဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တစ်ယောက်အနေနဲ့ ပြောပါရစေ။ ကျွန်မရဲ့ အလည်အပတ်ခရီးစဉ်အကြောင်းနဲ့ ကျွန်မတို့ ရှေ့လျှောက် ဘာတွေ မြင်တွေ့ချင်တယ်ဆိုတဲ့အကြောင်းကို ပြောခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မ မရောက်ခင်တုန်းက ဒီနိုင်ငံကို လှုပတဲ့နိုင်ငံအဖြစ်ရော၊ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ နိုင်ငံအဖြစ်ရော အမေရိကန်တွေက ကာလကြာရှည်ကတည်းက သိနေတဲ့အကြောင်းကို အခု ကျွန်မ ကောင်းကောင်းသဘောပေါက်ခဲ့ပါပြီ။ ကျွန်မတို့ရဲ့စိတ်ကူးတွေကို ရှေ့ရောင်လွှမ်းတဲ့ စေတီပုထိုးတွေ၊ အဝါရောင်သင်္ကန်းတွေ ဆင်မြင်းထားတဲ့ သံဃာတော်တွေက ဖမ်းစားထားရုံတင်မက အင်မတန် ခက်ခဲပင်ပန်းတဲ့ဘဝတွေနဲ့ လူထုရဲ့ဂုဏ်တင်လောက်တဲ့ ကြံ့ကြံ့ခံ ရုန်းကန်မှုတွေကလည်း ကျွန်မတို့ရဲ့သိစိတ်ထဲမှာ စွဲထင်နေပါတယ်။ ပြုပြင်ပြောင်းလဲမှုအသစ်တွေကြောင့် မျှော်လင့်ချက်တွေဖြစ်ထွန်းလာတယ်လို့ ယုံကြည်တာကြောင့်ရယ်၊ ကျွန်မတို့ကိုယ်တိုင်လည်း စမ်းကြည့်ချင်တာကြောင့်ရယ် ကြောင့် ကျွန်မ လာခဲ့တာပါ။

မနေ့တုန်းက နေပြည်တော်မှာ သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ တခြား အဓိကကျတဲ့ ဝန်ကြီးများနဲ့ လွှတ်တော်ခေါင်းဆောင်များအပါအဝင် အစိုးရအဆင့်မြင့်တာဝန်ရှိသူများနဲ့ ကျွန်မ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ဆွေးနွေးမှုတွေအတွင်းမှာ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းအတိုင်း ဆက်လျှောက်ဖို့၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ဟာလည်း လမ်းကြောင်းတစ်ခုပေါ့။ တိုင်းရင်းသားများနဲ့ ရန်လိုနေတာတွေရပ်ဆိုင်းဖို့နဲ့ စစ်မှန်တဲ့ နိုင်ငံရေးအရ အဖြေရှာဖို့၊ နိုင်ငံရေးနဲ့ လူမှုရေးလှုပ်ရှားမှု အဝန်းအဝိုင်းကို ချဲ့ဖို့၊ လွတ်လပ်စွာ စုဝေးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နဲ့ အသင်းအပင်းဖွဲ့စည်းခွင့်တွေ အကာအကွယ်ပေးတဲ့ ဥပဒေကို အပြည့်အဝ အကောင်အထည်ဖော်ဖို့ သူတို့ကို ကျွန်မတိုက်တွန်းခဲ့ပါတယ်။

နောက်ဆုံးမှာ မနေ့ညနေတုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ကျွန်မ အင်မတန် ဝမ်းမြောက်ရသလို ဂုဏ်လည်းယူမိပါတယ်။ သူ့ကို အမေရိကန်လူထုက အလွန်တရာ လေးစားကြည်ညိုပြီး ဆုမွန်ကောင်းတောင်းပေးနေ

တယ်၊ ထောက်ခံနေတယ်ဆိုတဲ့ သတင်းစကားကိုလည်း ပါးလိုက်နိုင်ပါတယ်။ ခြိမ်းခြောက်မှုတွေအောက်မှာ သူ့ရဲ့ အကြောက်တရားမဲ့မှုနဲ့ ဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ရမှုအပေါ်မှာ သူ့ရဲ့တည်ငြိမ်မှုတွေက ကျွန်မတို့ကို အားတက်စေခဲ့ပါတယ်။ အားလုံးထက်ပိုတာကတော့ သူနှိုင်ငံနဲ့ သူ့ ပြည်သူတွေရဲ့ လွတ်လပ်ရေးနဲ့ ဂုဏ်သိက္ခာအတွက် သူ့ရဲ့ မဆုတ်မနစ် ဆောင်ရွက်ချက်ပါပဲ။ ဒီမနက်မှာ အစိုးရသစ်ရဲ့ သဘောထားကြောင့် သူ အားတက်မိတဲ့အကြောင်း ကျွန်မကို ပြောပြပါတယ်။ အစိုးရကနောက်ဆုံးမှာ သူ့ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မှတ်ပုံတင်ဖို့နဲ့ နိုင်ငံရေးလုပ်ငန်းတွေမှာ ပါဝင်ဖို့ အခွင့်အလမ်းပေးခဲ့ပါတယ်။ သူကြေညာသလိုပဲ သူဟာ နိုင်ငံရေးစင်မြင့်ထက်ကို ပြန်တက်ဖို့ ဆုံးဖြတ်ထားပါပြီ။ နိုင်ငံရေးပါတီအားလုံးရဲ့ရုံးတွေကို နိုင်ငံတစ်ဝန်းမှာ ဖွင့်ခွင့်ပေးဖို့၊ နိုင်ငံသားတိုင်း မဲပေးခွင့်ရဖို့၊ လာမယ့် ရွေးကောက်ပွဲတွေဟာ လူအများရဲ့ အမြင်မှာ လွတ်လပ်၊ တရားမျှတပြီး၊ ယုံကြည်ကိုးစားလောက်ဖို့ဆိုတဲ့ သူ့ရဲ့အာသီသနဲ့လည်း ကျွန်မတို့ အမြင်ချင်းတူပါတယ်။

အခု ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ် ကျခံနေရတာ မဟုတ်ဘူးဆိုပေမဲ့ သူနှိုင်ငံသား ၁၀၀၀ ကျော်ဟာ သူတို့ရဲ့ နိုင်ငံရေးယုံကြည်မှုနဲ့ လှုပ်ရှားမှုတွေကြောင့် အကျဉ်းကျခံနေရဆဲဖြစ်တယ်။ လူသန်းပေါင်းများစွာဟာလည်း သူတို့ရဲ့တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ အခွင့်အရေးတွေကို ဆက်ပြီးငြင်းပယ်ခံထားရတယ်လို့ပြောရင် မလွန်ဘူးထင်ပါတယ်။ အစိုးရက ကြေညာထားတဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ အပြောင်းအလဲတွေကို ဖော်ဆောင်နေတယ်ဆိုတာကို ယုံကြည်ချက်ကြောင့် အကျဉ်းကျခံထားရသူအားလုံး ခြွင်းချက်မရှိ လွှတ်ပေးခြင်းအားဖြင့် အရေးကြီးမှတ်ကျောက်တင်ရမယ်ဆိုတာ ကျွန်မတို့ သဘောတူပါတယ်။

လွတ်လပ်ရေးရပြီးချိန်ကစပြီး စိန်ခေါ်မှုအနေနဲ့ ဆက်ရှိနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း ကျွန်မတို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒီ လှုပ်ပြီး ထွေပြားတဲ့နိုင်ငံမှာ လူတိုင်းဟာ နေရာတိုင်းမှာ မျှဝေခံစားနိုင်မှု မရှိမချင်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့ တရားမျှတမှုတွေကို ရနိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံရေးနဲ့ လူမှုရေးတိုးတက်မှုတချို့ကို အထူးသဖြင့် ဒီရန်ကုန်မှာ ရနေတယ်ဆိုပေမဲ့ တခြားနေရာတွေမှာ ကြောက်စရာကောင်းတဲ့ အကြမ်းဖက်မှုတွေ ဆက်ရှိနေပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုတွေရဲ့ နေရာတချို့မှာပါ။ ပဋိပက္ခတွေ ဆက်ဖြစ်နေရုံမက ဆင်းရဲမွဲတေမှုဒဏ်၊ ရောဂါဘယဒဏ်နဲ့ စာမတတ်မှုနှုန်းတွေက လက်မခံနိုင်လောက်အောင် မြင့်မားနေပါတယ်။ နောက်ပြီး မုဒိမ်းကျင့်မှုတွေကိုလည်း စစ်လက်နက်တစ်ခုလို စနစ်တကျ ကျင့်သုံးတဲ့ဒဏ်ကိုလည်း ခံစားနေကြရပါတယ်။ ဒီအကြောင်းကို မနေ့တုန်းက အစိုးရကို တည့်တည့်ပဲ ကျွန်မပြောခဲ့ပါတယ်။

မျိုးမည်ထွေပြားတဲ့ ဒီနိုင်ငံကို ကျွန်မ ကြည့်မိတဲ့အခါ ဒါဟာ တကယ်ကြီးမားတဲ့ အင်အားပါပဲ။ ခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်နဲ့ တခြားဘာသာဝင်တွေ၊ တစ်ရာကျော်ရှိတဲ့ ကွဲပြားတဲ့လူမျိုးစုတွေနဲ့ သူတို့ရဲ့ထူးခြားတဲ့ ဘာသာစကားများနဲ့ ယဉ်ကျေးမှုများကြောင့် ကြွယ်ဝတဲ့ ယဉ်ကျေးမှုရှိပြီး ဒါဟာ ၂၁ ရာစုကို ကျွန်မတို့တွေ မြင်နေရတဲ့ အနေအထားနဲ့လည်း အလွန်လိုက်ဖက်ပါတယ်။ ဒါကြောင့်လည်း လူတိုင်းကို သူတို့ရသင့်တဲ့အခွင့်အရေးတွေ ပေးပါလို့ ကျွန်မတို့က ထပ်ပြီးတောင်းဆိုချင်ပါတယ်။ ကျွန်မအနေနဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ကိုယ်စားလှယ်များနဲ့ပါ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ သူတို့က သူတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအကြောင်းကို ပြောပြကြပေမဲ့ အခွင့်အလမ်းတွေကိုလည်းသူတို့ မြင်ကြပါတယ်။ အမေရိကန်နိုင်ငံရဲ့ထိတွေ့ဆက်ဆံရေးကို သူတို့က အင်မတန်ကြိုဆိုပြီး တိကျသေချာတဲ့ နည်းလမ်းတချို့နဲ့ ဆက်ရှိလိမ့်မယ်လို့ မျှော်လင့်ကြောင်းလည်း ပြောကြပါတယ်။

ပြည်သူများအတွက် ကျွန်မတို့ရဲ့ အလေးဂရုထားမှုကိုပေါ်လွင်စေဖို့ ကျွန်မတို့ရဲ့ ခြေလှမ်းတချို့ကို ဒီနေ့လယ်ခင်းမှာ ကျွန်မ ဝမ်းမြောက်ဝမ်းသာကြေညာလိုပါတယ်။ ဒါတွေက မနေ့က နေပြည်တော်မှာ ကျွန်မကြေညာခဲ့တဲ့ တရားဝင်အစိုးရ အချင်းချင်း ဆောင်ရွက်မှုတွေအပြင် နောက်ထပ် လုပ်ဆောင်မှာတွေပါ။ ပထမတစ်ခုက အသေးစားချေးငွေများထုတ်ချေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းအပြင် နိုင်ငံတစ်ဝန်း အထူးသဖြင့် လူမျိုးစုနေရာတွေမှာ တခြားလိုအပ်ချက်တွေအတွက် လူမှုရေး အဖွဲ့အစည်းတွေကို အကူအညီပိုပေးရေးဖြစ်ပါတယ်။ ဒုတိယက လူလူချင်း အပြန်အလှန်ကူညီတဲ့ အစီအစဉ်ပါ။ ဒီအစီအစဉ်မှာ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးအတွက် အာဆီယံ၊ အရှေ့အနောက် ဝိမာန်တို့နဲ့ မိတ်ဖက်လုပ်ဆောင်ရေးဖြစ်ပါတယ်။ တတိယတစ်ခုက ဒီမှာရှိတဲ့သူတွေနဲ့ မိတ်ဖက်လုပ်ဆောင်ဖို့ပါ။ ပြည်တွင်းပဋိပက္ခတွေရဲ့ ဆိုးရွားလွန်းတဲ့အကျိုးဆက်တွေကို ခံစားနေရသူတွေ၊ အထူးသဖြင့် မြေမြှုပ်မိုင်းဒဏ်ခံလူတွေကို အကူအညီပေးရေးဖြစ်ပါတယ်။ စတုတ္ထကတော့ ပညာရေးအပြန် အလှန်ကူညီရေးနဲ့ ကျန်းမာရေး၊ အုပ်ချုပ်ရေးနဲ့ တခြားကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အမေရိကန်တက္ကသိုလ်များနဲ့ ဖောင်ဒေးရှင်းတွေရဲ့လုပ်ငန်းတွေကို အကူအညီပေးရေးဖြစ်ပါတယ်။

ကျွန်မ မနေ့ကပြောခဲ့သလိုပါပဲ။ ဒီနေ့ထပ်ပြောပါမယ်။ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်အဟုန်ရလာတယ်ဆိုရင် ကျွန်မတို့က ဒီ့ထက် ရှေ့တိုးဖို့ ရည်ရွယ်ထားပါတယ်။ ဒါပေမဲ့ သမိုင်းက သင်ခန်းစာပေးခဲ့ပြီမို့ သတိတော့ထားရပါတယ်။ ကုန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဆိုးရွားတဲ့ နောက်ပြန်ဆုတ်မှုတွေ၊ အင်မတန်မှ စိတ်ပျက်စရာတွေ ရှိခဲ့တယ်ဆိုတာ ကျွန်မတို့ သိထားပါတယ်။ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေနဲ့ စီးပွားရေးပွင့်လင်းမှုတွေရဲ့တကယ့်ရလဒ်တွေ ထွက်ပေါ်လာဖို့အတွက် ရေရှည်တည်တံ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကြိုးပမ်းလုပ်ဆောင်တာကို ကျွန်မတို့ မြင်ချင်ပါတယ်။ ဒါကြောင့် နိုင်ငံအကြီးအကဲများကို လေးလေးနက်နက် ကျွန်မပြောလိုတာက အကယ်၍ သင်တို့က ဒီလမ်းကြောင်းအတိုင်း ဆက်သွားမယ်ဆိုရင် အမေရိကန် ပြည်ထောင်စုကလည်း ဒီပြုပြင်ပြောင်းလဲမှုလမ်းကြောင်းကို သင်တို့နဲ့ဆက်လျှောက်ဖို့ ပြင်ဆင်ထားတယ်ဆိုတာ ပါပဲ။ အစိုးရတွင်းနဲ့ အပြင်မှာရှိနေတဲ့ ပြုပြင်ပြောင်းလဲရေးပုဂ္ဂိုလ်များဟာ ကျွန်မတို့ရဲ့ထောက်ခံမှုကို ရရှိပါလိမ့်မယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် လူထုရဲ့မျှော်လင့်ချက်နဲ့ စိတ်ကူးတွေကို ပိုပြီးဖြည့်ဆည်းပေးတဲ့ လုပ်ဆောင်မှုတွေ လုပ်ဆောင်လာတာတွေ့ရတာနဲ့အမျှ ဒီထောက်ခံမှုဟာလည်း တိုးလာပါလိမ့်မယ်။ ဒီတော့ ကျွန်မ သတိထားပြီး မျှော်လင့်နေပါတယ်။ ပြီးတော့ အသေအချာပါပဲ၊ အမေရိကန်ပြည်သူများကိုယ်စား ဒီနိုင်ငံကို အကူအညီပေးဖို့ အင်မတန်မှကို အလေးအနက်ထားပါတယ်။ ဒီနိုင်ငံဟာ အာရှပစိဖိတ်ဒေသမှာ အင်မတန် အရေးပါတဲ့နေရာက ပါဝင်ထိုက်တဲ့နိုင်ငံပါ။ ဒီနိုင်ငံအနေနဲ့ အဲဒီလိုလုပ်ဆောင်ဖို့ အခွင့်အရေးလည်းရှိနေပါတယ်။

ကျွန်မ မေးခွန်းတွေကို ဖြေပါ့မယ်။

**မော်ဒရေတာ။** ။ ဒီနေ့အတွက် နှစ်ယောက်စာအချိန်ရပါတယ်။ ပထမတစ်ယောက်က အေအက်ဖ်ပီက ရှော်နတန်ဒန်ပါ။

**မေးခွန်း** ။ ။ ကျေးဇူးတင်ပါတယ် ဝန်ကြီး။ ခင်ဗျားပြောသွားတဲ့အထဲက နှစ်ချက်လောက်ကို နောက်ဆက်တွဲမေးချင်လို့ပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာနိုင်ငံရေးထဲကို ဝင်လာပြီလို့ ခင်ဗျားပြောသွားပါတယ်။ ခင်ဗျားကိုယ်တိုင်လည်းပဲ နိုင်ငံရေးဇာတ်ခုံပေါ်မှာရှိနေတာ အမှန်ပဲလေ။ ဘယ်လိုထိုးထွင်းသိမြင်မှုမျိုးကို ခင်ဗျား သူ့ကိုပေးခဲ့ပါသလဲ။ ပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စမှာ သိပ်မကြာခင်တုန်းက ခင်ဗျားပြောခဲ့တာရှိတယ်။ မြန်မာနိုင်ငံမှာ တာဝန်ရှိမှုနှင့်ပတ်သက်ပြီးတော့ ကုလ

သမဂ္ဂ ကျောထောက်နောက်ခံပြုတဲ့ ကော်မရှင်တစ်ရပ်က စုံစမ်းစစ်ဆေးမှုတွေပြုဖို့ဆိုတာ ခင်ဗျားမြင်လာတဲ့ အပြောင်းအလဲတွေကြောင့် ဒီကိစ္စက လုံးဝဆိုင်းငံ့ထားမှာလား။ ဒါမှမဟုတ် အမေရိကန်ပြည်ထောင်စုက ဆက်ပြီး (.... မသဲကွဲတော့)။

**ဝန်ကြီးကလင်တန်** ။ ။ ရှော်န်ရဲ့ မေးခွန်းကို တခြားသူတွေ ကြားလိုက်ရရဲ့လား မသိဘူး။ ဘာလို့လဲဆိုတော့ တစ်ဝက်လောက်မှာ သူ့မိုက်ခရိုဖုန်းက ပြတ်သွားလို့။ သူ ကျွန်မကို မေးတာက နိုင်ငံရေးဇာတ်ခုံပေါ်ကိုတက်ဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်အကြောင်း၊ ဒါမှမဟုတ် ပြောမယ်ဆို နိုင်ငံရေးဇာတ်ခုံပေါ်ကို ပြန်တက်လာတယ်ပေါ့။ ပြီးတော့ ကျွန်မ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ဖို့ အမေရိကန်ပြည်ထောင်စုက ထောက်ခံမလားဆိုတဲ့အပေါ် ကျွန်မအမြင်ကိုပေါ့။

ပထမဦးဆုံးက သူ့ကိုယ်ပိုင် သူ့ဟာသူ ဆုံးဖြတ်တာ၊ သူ့ဆုံးဖြတ်ချက်ကို လေးစားပါတယ်။ ကျွန်မ ထင်ပါတယ်။ ပွင့်လင်းပြီး အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ရပ် ပေါ်လာအောင် သူက ထောက်ခံပြောဆိုနေတာပါ။ အခုတော့ အဲဒီအခွင့်အလမ်းဟာ ရှိလာပြီလို့ ယုံကြည်တာကြောင့် သူပါဝင်ဖို့ လိုအပ်လာပါပြီ။ သူကိုယ်တိုင်ရဲ့ကိုယ်စား၊ သူ့ပါတီရဲ့ကိုယ်စား ဖြစ်ပါတယ်။ ဒီလို ဘာကြောင့် သူဆုံးဖြတ်တယ်ဆိုတာကို ကျွန်မ ကောင်းကောင်းနားလည်ပါတယ်။ အရေးအကြီးဆုံးက သူနိုင်ငံရဲ့ ဒီမိုကရေစီရဲ့ကိုယ်စားဖြစ်ပါတယ်။ မနေ့ညက ကျွန်မတို့ ကမ္ဘာနေရာတိုင်းမှာ နိုင်ငံရေးမှာ ပါဝင်မှုနဲ့ပတ်သက်ပြီး အတက်အကျတွေနဲ့ ရှုတ်ချပြောဆိုမှုတွေအကြောင်း၊ နောက်ပြီး ဒီမိုကရေစီသစ်တစ်ရပ် ဒါမှမဟုတ် ဒီမိုကရက်တစ်လမ်းစဉ်သစ် တစ်ခုအနေနဲ့ ရင်ဆိုင်ရမယ့် စိန်ခေါ်ချက်တွေအကြောင်းကို ပြောဖြစ်ကြပါတယ်။ ဘာလို့ဆိုတော့ လူတွေပါဝင်လာတာနဲ့အမျှ စည်းမျဉ်းတွေကို ရေးသားလာနိုင်မှာကိုး။ ဒါပေမဲ့ သူ့အတွက် မှန်တယ်၊ လုပ်သင့်တယ်လို့ သူခံစားရလို့ ဆုံးဖြတ်တာကို ကျွန်မ အင်မတန်မှပဲ ထောက်ခံပါတယ်။ သူဟာ လွှတ်တော်မှာ အကောင်းဆုံးအဖွဲ့ဝင်တစ်ယောက်ဖြစ်လာမယ်လို့ ကျွန်မ ထင်ပါတယ်။

မနေ့က အထက်နဲ့အောက်လွှတ်တော်နှစ်ရပ်စလုံးက အဖွဲ့ဝင်တွေနဲ့ တွေ့ခဲ့ရတဲ့အပေါ်မှာ သူတို့တစ်တွေဟာ အပြန်အလှန် အမြင်ချင်းဖလှယ်ကြဖို့ ဘယ်လောက်အားသန်နေတယ်ဆိုတာရယ်၊ လွှတ်တော်အဖွဲ့ဝင်တွေအနေနဲ့ သူတို့ရဲ့တာဝန်တွေကို နားလည်သဘောပေါက်တယ်ဆိုတာရယ်ကို ကျွန်မ ကောင်းကောင်းသိခဲ့ရပါတယ်။ ပြီးတော့ ဒီမိုကရေစီရေရှည် တကယ်တည်တံ့အောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို ကောင်းကောင်းကျက်မိပြီး အဲဒီအတွက်လည်း ကာလကြာရှည် တိုက်ပွဲဝင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ သူတို့ရဲ့ စဉ်းစားချင့်ချိန်လုပ်ဆောင်မှုတွေအတွက် အကောင်းဆုံး အားတစ်အားဖြစ်လိမ့်မယ်လို့ ကျွန်မ မြင်ပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်နဲ့ ပတ်သက်လို့ကတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် တာဝန်ယူဖို့ကို ကျွန်မတို့ အမြဲပဲ တစ်သမတ်တည်း ထောက်ခံအားပေးပါတယ်။ ပြီးတော့ အခုဒီမှာ လုပ်ဆောင်နေတဲ့ အပြောင်းအလဲတွေကို ထောက်ခံဖို့ နည်းလမ်းတွေကိုလည်း ကျွန်မတို့ ရှာဖွေနေပါတယ်။ ဘာလို့ဆို အတွင်းယန္တရားထဲမှာ တာဝန်ယူမှုတစ်ခုရှိလိမ့်မယ်လို့ မျှော်လင့်လို့ပါပဲ။ ဥပမာ လူ့အခွင့်အရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတာဟာ အရေးကြီးတဲ့ ပထမတစ်ဆင့် ဖြစ်ပါတယ်။ အဲဒီတစ်ဆင့်ကို အစိုးရက လုပ်ဆောင်ပြီးပါပြီ။ သူတို့ရဲ့ကော်မရှင်ဟာ တကယ့်ကို သမာသမတ်ကျပြီး ယုံကြည်ကိုးစားလောက်အောင် နိုင်ငံတကာက ကျွမ်းကျင်မှုတွေပေါ်မှာ အခြေတည်ဖို့ အစိုးရကို ကျွန်မတို့ တိုက်တွန်းခဲ့ပါတယ်။

ဒါတွေဟာ အစိုးရရော၊ အတိုက်အခံရော ကျွန်မတို့တစ်တွေ ရင်ဆိုင်ကြရမယ့် ကွဲပြားခြားနားတဲ့ ဆုံးဖြတ်ချက်တွေပါပဲ။ ဘာလို့ဆိုတော့ သူတို့က အသွင်ပြောင်းတဲ့နေရာမှာ တာဝန်ယူမှုနဲ့ပတ်သက်လို့ မတူညီတဲ့နေရာတွေက မတူညီတဲ့ ပုံသဏ္ဌာန်တွေကို ကြည့်နိုင်ကြလို့ ဖြစ်ပါတယ်။ တချို့ဆို စစ်အစိုးရကနေ ပွင့်လင်းတဲ့ ဒီမိုကရက်တစ် တစ်ရပ်ဆီကို ကူးပြောင်း

တာမျိုးတောင် ရှိတာကိုး။ ဒီတော့ တာဝန်ယူမှုဆိုတဲ့ မူကို ကျွန်မတို့ ထောက်ခံမှာ ဖြစ်ပါတယ်။ တရားမျှတမှုနဲ့ တာဝန်ယူမှုရှိအောင် သင့်တော်တဲ့ယန္တရားကို ကျွန်မတို့ စဉ်းစားပါမယ်။ ဒါပေမဲ့ ဒီလိုဖြစ်အောင် အစိုးရသစ်နဲ့ အတိုက်အခံတို့အနေနဲ့ သူတို့ဘာသာ ချဉ်းကပ်ဆောင်ရွက်ခွင့်ပေးဖို့ကြိုးစားဖို့ဟာ အရေးကြီးတယ်လို့ ကျွန်မ ထင်ပါတယ်။

**မော်ဒရေတာ။** ။ နောက်ဆုံးမေးခွန်းက အလဲဗင်းမီဒီယာက သန်းဇော်ထွန်းပါ။

**မေးခွန်း ။** ။ ဟဲလို၊ ဝန်ကြီးကလင်တန် (အသံဖမ်း မသဲကွဲ) မြန်မာနိုင်ငံ။ ဝန်ကြီးရဲ့မြန်မာနိုင်ငံ ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံသမ္မတ၊ (အသံဖမ်း မသဲကွဲ)ရဲ့ ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ခဲ့ပါတယ်။ သူတို့နဲ့တွေ့အပြီးမှာ မြန်မာနိုင်ငံအပေါ် (အသံဖမ်းမသဲကွဲ) အခွင့်အလမ်းရှိပါသလား။

**ဝန်ကြီးကလင်တန် ။** ။ ကျေးဇူးတင်ပါတယ်၊ ဒီက မီဒီယာအဖွဲ့ဝင်တစ်ယောက်က အခုမေးခွန်းကို မေးလာတဲ့အတွက် ဝမ်းသာပါတယ်။

ကျွန်မတို့ အလေးထားပြီး အစိုးရကို ပြောနေတာတွေက ကျွန်မတို့မြင်တွေ့ချင်တဲ့ အရေးယူဆောင်ရွက်ချက် တွေရယ်၊ ပြီးတော့ တစ်ဦးချင်းတွေ့ဆုံပွဲတွေနဲ့ လူအများကို ကျွန်မ ပြောခဲ့တာက ကျွန်မတို့အနေနဲ့ လုပ်ဆောင်မှုကို လုပ်ဆောင်မှုနဲ့ပဲ ချိတ်တွဲသွားမှာပါ။ လုံလောက်တဲ့ တိုးတက်မှုရှိတယ်ဆိုရင်၊ သိသိသာသာ ဖြစ်လာတယ်ဆိုရင် စီးပွားရေးပိတ်ဆို့မှုကို ရုပ် သိမ်းဖို့ စဉ်းစားပါမယ်။ ဒါပေမဲ့ ကျွန်မ အရင်ကပြောခဲ့တဲ့အတိုင်း ဒီဆွေးနွေးမှုနဲ့ ထိတွေ့ဆက်ဆံမှုတွေက အင်မတန်နုတဲ့အဆင့်မှာပဲ ရှိနေပါသေးတယ်။ ဒီလိုဖြစ်အောင် ကုန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ကျွန်မအနေနဲ့ ကြိုးစားပမ်းစား တည်ထောင်ရယူခဲ့ရတာပါ။ အစိုးရက အခုလုပ်နေတဲ့အဆင့်တွေကို အစပျိုးမလုပ်ခဲ့ဘူးဆိုရင် ကျွန်မတို့ရဲ့ကြိုးပမ်းမှုတွေကနေ အသီးအပွင့်တွေ သီးပွင့်လာမှာမဟုတ်ပါဘူး။

ဒီတော့ အားတက်စရာ တိုးတက်မှုလက္ခဏာတွေ တွေ့နေရပြီဆိုသော်ငြား ကျွန်မတို့ ပွင့်ပွင့်လင်းလင်းပြောရရင် ဒါတွေက ဒီလုပ်ဆောင်မှုကို မှတ်ကျောက်တင်နေတာပါ။ ဒါတွေဟာ အမှန်တကယ်နဲ့ ရေရှည်ဆိုတာ ကျွန်မတို့သိချင်တယ်။ ဘာလို့ဆိုတော့ ဒါတွေက ခေါင်းဆောင်တချို့ထက် ပိုဖို့လိုတယ်။ အစိုးရထိပ်ပိုင်းကလေးမှာတင်ပဲ ဖြစ်နေတာထက် ပိုဖို့လိုပါတယ်။ အစိုးရထဲမှာနဲ့ ဗျူရိုကရေစီထဲမှာ စစ်မှန်တဲ့အပြောင်းအလဲ လုပ်ဆောင်ဖို့ စိတ်သဘောထားခံယူချက်နဲ့ ချဉ်းကပ်ဆောင်ရွက်မှုတွေရှိရပါမယ်။ ဒါကြောင့် ကျွန်မတို့က အဆင့်မြင့် အစိုးရအရာရှိကြီးများ၊ လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များ၊ အတိုက်အခံခေါင်းဆောင်များကို ကျွန်မ ကုန်ခဲ့တဲ့ နှစ်နှစ်တာကာလတစ်လျှောက် လုပ်ခဲ့တဲ့အတိုင်း ဆက်ပြီး စကားပြောသွားမှာပါ။ ဒါကို ဘာတွေဖြစ်နေတယ်ဆိုတာ သူတို့အမြင်ကို သူတို့က အခိုင်အမာပြောလာနိုင်တဲ့အထိ ကျွန်မတို့က တစိုက်မတ်မတ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒါပေမဲ့ အစိုးရနဲ့ပတ်သက်ပြီး ကျွန်မ ရှင်းရှင်းလင်းလင်းပြောပြထားတာက အကယ်၍ လုံလောက်တဲ့တိုးတက်မှုရှိတယ်ဆိုရင် စီးပွားရေးပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးဖို့ စလုပ်မယ်ဆိုတာပါပဲ။ ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒါအကြောင်းကို ဆွေးနွေးဖို့ ကျွန်မတို့အသင့်မဖြစ်သေးဘူး၊ ဘာလို့လဲဆိုတော့ ထိတွေ့ဆက်ဆံမှုကို အခုမှ စရသေးတာ။ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်တာကို ကျွန်မတို့မြင်ချင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် တကယ်တမ်း လေးလေးနက်နက် အားထုတ်တာကို မြင်ချင်ပါတယ်။ ရွေးကောက်ပွဲရက် သတ်မှတ်တာတွေကို မြင်ချင်ပါတယ်။ အဲဒီလိုဆိုရင် အဲဒီဆောင်ရွက်ချက်တွေကို ကျွန်မတို့ဘက်က တုံ့ပြန်ဆောင်ရွက်သွားဖို့အတွက် လမ်းပွင့်သွားပါလိမ့်မယ်။ လူတွေအတော်များများနဲ့ ကျွန်မ

အစည်းအဝေးတွေမှာ စကားပြောခဲ့ရတာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါ ကုန်ခဲ့တဲ့ နှစ်ရက်အတွင်း အစည်းအဝေးတွေကိုတင် ပြောတာမဟုတ်ပါဘူး။ ကုန်ခဲ့တဲ့ နှစ်နှစ်အတွင်း ကျွန်မတို့ရဲ့ အဆင့်မြင့်အရာရှိကြီးတွေရဲ့ အစည်းအဝေးတွေလည်း ပါပါတယ်။ အဲဒီမှာ စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းလိုက်ရင် စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းမှုရှိလာလိမ့်မယ်ဆိုတာ အသိအမှတ်ပြုကြပါတယ်။ ဒါပေမဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်တာနဲ့အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်သွားရမယ်။ ဒါမှ အကျိုးဖြစ်ထွန်းမှုတွေဟာလူနည်းစုတင်မဟုတ်ဘဲ ကျယ်ပြန့်တဲ့ လူများစုကြီးဆီအထိ စီးဆင်းသွားနိုင်မှာ ဖြစ်ပါတယ်။

ဒီတော့ လုပ်စရာတွေ ရှိနေပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောတာကို တချို့တော့ ကြားပြီးကောင်း ကြားပြီးပါလိမ့်မယ်။ ကျွန်မတို့ သူ့အိမ်မှာရှိနေတုန်းကလေ။ ကမ္ဘာ့ဘဏ်ကလာပြီး စီးပွားရေးပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးရေးအကူအညီတွေရယ်၊ တခြားဟာတွေရယ်အတွက် ဆန်းစစ်ချက်တွေ တင်သွင်းမယ့်ကိစ္စကို သူက ထောက်ခံပါတယ်။ ဒီတော့ ဒီမှာ ဖြစ်ထွန်းနေတာတွေနဲ့ ပတ်သက်ပြီး ကျွန်မဘက်က ကူညီနိုင်တာတွေအားလုံးကို လုပ်ဆောင်ဖို့ ကျွန်မ အင်မတန်မှပဲ ဆန္ဒရှိပါတယ်။ ဒါပေမဲ့ ပြောနေတာတွေအတိုင်း တကယ် အခိုင်အမာလုပ်ဆောင်ဖို့တော့ လိုပါတယ်။

ကျေးဇူးတင်ပါတယ်။

**မော်ဒရေတာ။** ။ ကျေးဇူးအများကြီးတင်ပါတယ်။